ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်မိအေးမြင့်မော်

လက်ထောက်နည်းပညာမှူးအမည် - ဦးဖွဲ့ညီညီရှိန်


ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ 2018 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ..... 5

၂။ ရွာသစ်ကျေးရွာတည်နေရာပြမြေပုံ ..... 6

၃။ ရွာလွတ် ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ..... 7

၄။ ကျေးရွာအခြေခံအချက်အလက်များ ..... 7

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ..... 8

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ..... 10

၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..... 21

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ..... 23

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ..... 24

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ..... 27

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ..... 28

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ..... 30

၁၃။ အစည်းအဝေးမှတ်တမ်း ..... 31

၁၄။ ကျေးရွာတွင်ကြုံတွေ့နေရသည့်အခက်အခဲများ ..... 33

၁၅။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ..... 33


၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ..... 34

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
MAWLAMYINE
MUDON
CHAUNGZON
Chaungzon
Da Yei
Ka Lwi
Taw Ka Nar
Daung Yat (West)
Taung Sun
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ရွာသစ်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ ရွာလွတ် ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ရွာလွတ်ကျေးရွာအုပ်စု | ရွာလွတ်ကျေးရွာ |
| | ရွာသစ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ရွာလွတ်(ရွာသစ်)ကျေးရွာ

ကျေးရွာအုပ်စုအမည် - ရွာလွတ်ကျေးရွာအုပ်စု

လူဦးရေ - ကျား - ၃၉၀ ၊ မ-၄၀၇၊ စုစုပေါင်း (၇၉၇) ဦး

အိမ်ထောင်စု - ၁၂၈ စု

တိုင်းရင်းသားလူမျိုးစု - မွန်(၁၂၈)

လူမျိုးစုရော - မရှိ

ပညာရေးအဆောက်အဦး - မူလတန်းကျောင်း(၁)ကျောင်း

ကျန်းမာရေးအဆောက်အဦး - ပုဂ္ဂလိကတိုင်းရင်းဆေးကုခန်း(၁)ခန်း

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် စေတီ (၁) ဆူ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာ၊ရော်ဘာ၊ စိုက်ပျိုးရေးလုပ်ငန်း

ကျေးရွာ၏ထူးခြားသည့် ဝိသေသ - ကျွန်းပတ်လမ်းပေါ်တွင် ရွာတန်းရှည်အဖြစ် တည်ရှိသည်။ ရွာ၏မြောက်ဘက်နှင့်တောင်ဘက်တွင်လယ်ကွင်းပြင်များရှိ၍ ရွာချင်းချိတ်ဆက်နေပါသည်။

ကျေးရွာထွက်ကုန်များ - ဆန်/စပါး၊လယ်ယာထွက်ကုန်များ၊ ရော်ဘာ၊ ဟင်းသီးဟင်းရွက်

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 19.10.2017 | ကျေးရွာလူထု | 24 | 53 | 77 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 19.10.2017 | ကျေးရွာလူထု | 24 | 53 | 77 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 19.10.2017 | ကျေးရွာလူထု | 24 | 53 | 77 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 20.10.2017 | ကျေးရွာလူထု | 21 | 55 | 76 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 20.10.2017 | ကျေးရွာလူထု | 21 | 55 | 76 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | 20.10.2017 | ကျေးရွာလူထု | 21 | 55 | 76 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာ များအား အကြောင်း၊ အကျိုး ဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာ သစ်ပင်နည်းလမ်းအား အသုံး ပြု၍ဆွေးနွေးခြင်း။ |
| ၇ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးအစီအစဉ်ပြု ဇယား (Metric Ranking) | 20.10.2017 | ကျေးရွာလူထု | 21 | 55 | 76 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိကြုံတွေ့နေရ သည့်အခက်အခဲ၊ ပြဿနာများ မှ နောင်လာမည့် (၅) နှစ်အ တွင်းမိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးလာမည့်အသီးအပွင့်များ ကို မိမိတို့ကိုယ်တိုင် သိမြင်လာ စေရန်နှင့် ကြိုတင်အစီအစဉ်ချ ရေးဆွဲ၍ ဦးစားပေး အစီအစဉ် အလိုက်လုပ်ဆောင်နိုင်ရန် (အနာဂတ်ရူပါရုံ) ဆွေးနွေးခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




**ရွာသစ်ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်ချောင်းဆုံမြို့နယ်ရွာလွတ်ကျေးရွာအုပ်စုရွာသစ်ကျေးရွာတွင် လူမှုအရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထု ရပ်မိရပ်ဖများ နှင့် အတူတကွ ရေးဆွဲခဲ့ကြရာတွင် လူထုအနေဖြင့် မိမိတို့၏ ကျေးရွာအကြောင်း ပိုမိုသိရှိလာစေခြင်း ကျေးရွာအတွင်းရှိ အဆောက်အဦးများ တည်နေရာ အတိအကျကို ပိုမိုသိရှိလာစေခြင်း ရွာတွင်းရှိ ရပ်ကွက်အလိုက် လိုအပ်ချက်များကို ပိုမိုသိရှိလာစေခြင်း လူနေအိမ်ခြေများနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများကို ပိုမိုသတိထားမိလာခြင်း ရွာတွင်းဖွံ့ဖြိုးရန် လိုအပ်ချက်များကို ပိုမိုသိရှိလာခြင်း ရွာတွင်းရွာပြင် သဘာဝအရင်းအမြစ်များကိုသိရှိလာရခြင်းလူမှုရေး ၊စီးပွားရေး ကဏ္ဍအလိုက် ကျေးရွာလိုအပ်ချက်များ အားသာချက်များကို ပိုမိုသတိပြုမိစေခဲ့ပါသည်။ ကျေးရွာတွင် အများပြည်သူ အဆောက်အဦးဟူ၍ မရှိပါ။ (ဥပမာ- စာကြည့်တိုက် ၊ မူကြို၊ အစည်းဝေးခန်းမ၊ ဆေးပေးခန်း၊ ခရီးသွားနားနေရာ ) ကျေးရွာတွင် နေထိုင်ကြသော ရပ်ရွာလူထုအများစုမှာ ပညာရေးဗဟုသုတ ပိုင်းဆိုင်ရာများတွင် အားနည်းနေကြပါသည်။

**စီးပွားရေး**

ရွာသစ်ရွာ၏ အဓိကစီးပွားရေးအနေဖြင့် ရော်ဘာခြံစိုက်ခြင်း ၊ စိုက်ပျိုးရေးလုပ်ကိုင်ခြင်း၊ လယ်ယာများလုပ်ကိုင်ဆောင်ရွက်ကြပါသည်။သို့သော်ခြံပိုင်ယာပိုင်များမှာအလွန်နည်းပါး၍ကျဘမ်းလုပ်ကိုင်သူဦးရေမှာပိုမိုများပြာသည်။စီးပွားရေးလုပ်ငန်းများမှာလည်းအကျိုးအမြတ်နည်းပါးသောကြောင့်ကျေးရွာတွင်ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်မှုနည်းပါး၍တစ်ဖက်နိုင်ငံတွင်သွားရောက်လုပ်ကိုင်လေ့ရှိကြသည်။

**ပညာရေး**

ပညာရေးအနေဖြင့် ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်းသာရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာများကို ရွာနီးချင်း ရွာလွတ်ကျေးရွာရှိ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ သွားရောက်သင်ကြားကြသည်။

**ကျန်းမာရေး**


ကျန်းမားရေး စောင့်ရှောက်မှု အနေဖြင့်လည်း ပုဂ္ဂလိက တိုင်းရင်းဆေးခန်း တစ်ခုသာရှိ၍ ကျေးလက်ကျန်းမားရေး ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှု အထူးတလည်လိုအပ်လာပါကရွာနီးချင်းရွာလွတ်ကျေးကရွာရှိတိုက်နယ်ဆေးရုံနှင့်ဆေးပေးခန်းများသို့လည်းကောင်း ချောင်းဆုံမြို့ပေါ်ရှိဆေးရုံသို့လည်းကောင်းကျွန်း၏တစ်ဘက်ကမ်းရှိမော်လမြိုင်မြို့အထူးကုဆေးရုံ ဆေးခန်းများသို့လည်းကောင်းသွားရောက်ကုသကြသည်။

**လမ်းပန်းဆက်သွယ်ရေး**

ရွာတွင်းကျွန်ပတ်လမ်းမှာကတ္တရားလမ်းဖြစ်ပြီးရွာတွင်းတချို့သောလမ်းငယ်များမှာ မြေနီလမ်းများ ဖြစ်ပြီး တချို့သော လမ်းများမှာ လူထုဗဟိုပြု စီမံကိန်း၏ ရံပုံငွေဖြင့် ကွန်ကရစ်လမ်း ခင်းထားသည်။မိုးတွင်းချိန်ခါများတွင်တောင်ကျရေစီးဆင်း၍သော်လည်းကောင်း ၊ မိုးသည်းထန်ချိန်တွင် ရေတိုက်စားချင်ကြောင့်လည်းကောင်း၊၎င်းမြေနီလမ်းများမှာပျက်စီးယိုယွင်း၍ကျောင်းသားကျောင်းသူ များ၊ ရပ်ရွာလူထုများ သွားလာရခက်ခဲစေပါသည်။

သို့ဖြစ်ပါ၍ ရွာလွတ်ရွာသစ်ကျေးရွာအနေဖြင့် လမ်းပန်ဆက်သွယ်ရေး ကျန်းမာရေး၊ ပညာရေး အလွန်အားနည်းနေ၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရန် အားနည်းနေသေးကြောင်း လေ့လာတွေ့ရှိသုံးသပ်မိပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်



**ရှာသစ်ဝ ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ရှာသစ်ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှကူညီဆောင်ရွက်ပေးသော အဖွဲ့အစည်းများစွာရှိကြပါသည်။

၁။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့

၂။ နာရေးကူညီမှုအဖွဲ့

၃။ မြို့နယ်ကျေးလက်ဦးစီးဌာန

၄။ လူထုဗဟိုပြုစီမံကိန်း

၅။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့

၆။ မီးသတ်အဖွဲ့

၇။ ဓမ္မစကူးလ်အဖွဲ့


၈။ အသေးစားချေးငွေအဖွဲ့များ

၉။ လူငယ်အဖွဲ့

၄င်းအဖွဲ့အစည်းများသည်ကျေးရွာဖွံ့ဖြိုးမှုကိုစက်ဝိုင်းအကြီးအသေးအလိုက် လုပ်ဆောင်မှုများရှိကြပါသည်။ ကျေးရွာတွင်အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကိုအများဆုံးလုပ်ကိုင်ဆောင်ရွက်ပေး၍ လုပ်ပိုင်ခွင့်အပြည့်အဝရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ရပ်ရွာတွင်းရှိအခြားအဖွဲ့အစည်းများတွင် နာရေးကူညီမှုအသင်း၊ လူငယ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှာ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း လုပ်ဆောင်နေသော်လည်း အားနည်းနေသည်ကိုတွေ့ရှိရပါသည်။

အသေးစားချေးငွေအဖွဲ့ (MicroFinance) တို့သည်ကျေးရွာလူထုများကို အတိုးငွေအနည်းအငယ်ဖြင့် ချေးငွေချပေးသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျွန်းပတ်လမ်းကိုကတ္တရားလမ်းခင်းခြင်း လုပ်ဆောင်ပေးပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်အုပ်ချုပ်ရေးမှုအဖွဲ့နှင့် ရပ်ရွာအတွင်းရှိအခြားအဖွဲ့အစည်းများ၊ လူမှုအကျိုးပြုပြင်အဖွဲ့အစည်းများ ချိတ်ဆက်ပူးပေါင်းကာ လုပ်ဆောင်သင့်သည်ဟု ဆွေးနွေးကြပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဥစ္စာဓန ကြွယ်ဝမှု အဆင့်

ကျေးရွာ - ရှာလွတ်ရွာသစ် ကျေးရွာအုပ်စု - ရှာလွတ်

Date. 21. 10. 2017.

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ ထော်လာဂျီကား၊ ဆိုင်ကယ် ရော်ဘာခြံ (၃) ဧကအထက်၊ လယ် (၅) ဧကအထက်၊ ကုန်စုံဆိုင် အလှပြင်ဆိုင်၊ TV၊ စလောင်း၊ [illegible]၊ လယ်ထွန်စက် | | ၁၀% |
| အလယ်အလတ် | ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ ခြံ (၃) ဧကအောက်၊ လယ် (၅) ဧကအောက်၊ ကုန်စုံဆိုင်၊ အအေးဆိုင်၊ TV၊ စက်ဘီး ပျဉ်ထောင်ကျူထရံကာ သွပ်မိုး | | ၅၀% |
| ဆင်းရဲ | ဝါးအိမ်၊ ကျွဘမ်း၊ နေ့စားလုပ်သား၊ စက်ဘီး၊ [illegible] လယ်အလုပ်သမားလုပ်၊ [illegible]၊ အိမ်ခြံမြေ [illegible] | | ၄၀% |
| | စုစုပေါင်း | | |

[illegible] (TF) - [illegible]

လူထုစည်းရုံးရေးမှူး (CF) - [illegible]

### ရှာလွတ်ရွာသစ်ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

ချောင်းဆုံးမြို့နယ် ရှာလွတ်ကျေးရွာအုပ်စု ရှာသစ်ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၁၃၂) စုရှိပြီး ပိုင်ဆိုင်မှုအားဖြင့် နစ်ထပ်တိုက်အိမ် ၊ ဆိုင်ကယ် ၊ ကား၊ နိုင်ငံခြားပြင်ပဝင်ငွေ၊ စက်ဘီး၊ ဈေးဆိုင်ငယ်၊ ခြံ၊ လယ်ယာ စသည်တို့ပိုင်းဆိုင်သော အိမ်ထောင်စုများကို ကြွယ်ဝမှု အဆင့် (A) အဖြစ်သတ်မှတ်ပြီး သုံးသပ်ရာတွင် စုစုပေါင်း အိမ်ထောင်စု၏ (၁၀) ရာခိုင်နှုန်းခန့် ရှိသည်ကို တွေ့ရသည်။


ကြွယ်ဝမှုအဆင့် (B) အဖြစ်သတ်မှတ်ရာတွင် လယ်ယာအနည်းငယ် ခြံအနည်းငယ် ၊ စက်ဘီး၊ ဆိုင်ကယ်၊ ပျဉ်ထောင်သွပ်မိုး၊ နိုင်ငံခြားပြင်ပဝင်ငွေ အနည်းငယ် ပိုင်ဆိုင်သော အိမ်ထောင်စုမှာ (၅၀)ရာခိုင်နှုန်းခန့် ရှိသည်ကိုတွေ့ရသည်။

အချို့အိမ်ထောင်စုမှာပျဉ်ထောင်ဝါးထရံကာ၊ဖတ်မိုးအိမ်၊ဆိုင်ကယ်၊ အိမ်ထောင်စုအနည်းငယ်မှာ ဝါးအိမ်ဖတ်မိုး၊ မြေယာမရှိ ကျဘမ်းအလုပ်လုပ်ကိုင်ပြီး ချို့တဲ့ နွမ်းပါးစွာ နေထိုင်ကြသောအိမ်ထောင်စုကိုကြွယ်ဝမှုအဆင့်(C)အဖြစ်သတ်မှတ်ပြီးစုစုပေါင်းအိမ်ထောင်စုများ၏ (၄၀)ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရပါသည်။

အထက်ပါအကြောင်းအရာကိုကြည့်ခြင်းအားဖြင့်ကျေးရွာတွင်ရှိအိမ်ထောင်စု၏အများစုမှာ ဝမ်းစားဖူလုံမှုရှိကြ၍စီးပွားရေးအနေဖြင့်အသင့်အတင့်အဆင်ပြေကြသည်။အချို့အိမ်ထောင်စုများမှာ လည်းနိုင်ငံခြားတိုင်းပြည်များသို့သွားရောက်ပြီးဝင်ငွေလုပ်ကိုင်ရာဖွေသောကြောင့်စီးပွားရေးပြေလည်

ကြသူများလည်းရှိကြသည်။ကျေးရွာ၏အိမ်ထောင်စုအနည်းငယ်မှာဆင်းရဲနွမ်းပါးချို့တဲ့ပြီးမြေယာအိမ် ပိုင်ဆိုင်မှု မရှိဘဲအခြားသူများ၏ အိမ်အမိုးများတွင် အဖီထိုး၍ ကျဘမ်းလုပ်ကိုင်ကာ ထိခိုက်လွယ်သော အိမ်ထောင်စုများ နေထိုင်ကြသည့်ကိုလည်း တွေ့ရှိရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း




**ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၁၀) ခု၊ အဆင့် (၁၀) အဆင့်ဖြင့် အကဲဖြတ် ဆန်းစစ်ခဲ့ပါသည်။

### ၁။ အိမ်မှုကိစ္စ

အိမ်မှုကိစ္စကဏ္ဍတွင်အမျိုးသမီးများမှ ပိုမိုလုပ်ဆောင်နေကြရသည်။ အကြောင်းအရင်းမှာ အမျိုးသားများသည် ဝင်ငွေအရ စီးပွါးရေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်နေရသောကြောင့် အမျိုးသားများ အိမ်မှုကိစ္စတွင်အားနည်း၍ အမျိုးသမီးများသာ အိမ်မှုကိစ္စအဝဝကို လုပ်ဆောင်ကြရပါသည်။ သို့သော်အချို့အမျိုးသမီးအနည်းငယ်မှာ အိမ်မှုကိစ္စအပြင်စီးပွါးရေးလုပ်ငန်းများလည်း လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည်။

## ၂။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူပိုင်ဆိုင်မှုရှိနေပြီး ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု အပြည့်အဝရှိနေသည်ကို တွေ့ရှိရသည်။

## ၃။ အလုပ်အကိုင်အခွင့်အလမ်း

ရှာသစ်ကျေးရွာတွင် အမျိုးသားများနှင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ကွာခြားမှုအနည်းအငယ်သာရှိသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများအပြင် တချို့သောသူများမှာ မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရန်အလုပ်လုပ်ကြသည်။ အမျိုးသား အလုပ်အကိုင်အခွင့်အလမ်း ပိုရသည့်အကြောင်းအရင်းမှာ အမျိုးသားများသည် အလုပ်လုပ်ရာတွင် အပင်ပန်းပိုခံနိုင်ခြင်း နေရာဒေသမရွေး သွားလာလုပ်ကိုင်နိုင်ခြင်း ဝင်ငွေရှာဖွေရာ၌ အဓိက တာဝန်ရှိသူဟု ယူဆထားခြင်းတို့ကြောင့်ဖြစ်သည်။

## ၄။ ဝင်ငွေရရှိမှု

ဝင်ငွေရှာဖွေမှုတွင် အမျိုးသမီးများထက် အမျိုးသားများက ဝင်ငွေပိုမိုရှာဖွေ နိုင်ကြသည်။ အမျိုးသားများဝင်ငွေရရှိမှုပိုမိုရခြင်းမှာအမျိုးသားများသည်အမျိုးသမီးများထက်ပိုမိုအပင် ပန်းခံနိုင်ခြင်း အလုပ်မရွေး နေရာဒေသ အချိန်မရွေး သွားလာလုပ်ကိုင်နိုင်ခြင်း အိမ်ထောင်စု၏ ဝင်ငွေရှာဖွေရာတွင် အဓိကတာဝန်ရှိသူဟု ယူဆထားခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးအနည်းငယ်သာ စီးပွားရေးလုပ်ဆောင်ကြပြီး အများစုမှာ အိမ်မှုကိစ္စများတွင်သာ လုပ်ဆောင်နေရသောကြောင့် ဖြစ်သည်။

## ၅။ ဘဝ လုံခြုံမှု

ဘဝလုံခြုံမှုအပိုင်းတွင် အမျိုးသားများကဘဝလုံခြုံမှုပိုမိုမြင့်မားကြသည်။ အမျိုးသမီးများ ဘဝ လုံခြုံမှုနည်းပါးရခြင်းအကြောင်းအရင်းမှာ ထုံတမ်းအစဉ်အလာယဉ်ကျေးမှုကြောင့် လည်းကောင်း၊ အတွေးအခေါ်ဗဟုသုတ နည်းပါးခြင်းကြောင့်လည်းကောင်း၊ အမျိုးသမီးများ မိမိကိုယ်ကိုယုံကြည်မှု အားနည်းခြင်းကြောင့်လည်းကောင်း တို့ကြောင့်ဖြစ်သည်။

## ၆။ ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူရရှိသော်လည်း အမျိုးသမီးများမှ အမျိုးသားများထက် ပို၍ဆုံးခန်းတိုင်အောင် ပညာသင်ကြားခွင့်ရှိသည်။ အမျိုးသား များသည် အိမ်ထောင်စု၏ဝင်ငွေနှင့် စီးပွားရေးကို ဦးဆောင်နေရသောကြောင့် အများစုမှာ အရွယ်မတိုင်ခင် ကျောင်းထွက်လိုက်ရပြီး စား၊ ဝတ်၊ နေရေးအတွက် လုပ်ငန်းခွင်ဝင်နေရခြင်း၊ နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ကိုင်နေရခြင်း ထိုပြင်မိဘဆွေမျိုးများမှ အမျိုးသမီးများသည် ပညာသင်ကြားခွင့်ပိုရှိသည်ဟု မှတ်ယူကြသည်။ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် ပညာသင်ကြားခွင့် ပိုမိုရရှိကြသည်။

## ၇။ ရပ်ရွာအရေးကိစ္စတွင် ပါဝင်ခွင့်

ရပ်ရေးရွာရေး ကိစ္စများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူနီးပါး ပါဝင်ခွင့်ရှိကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊သာရေးနာရေးကိစ္စများတွင်အမျိုးသမီးများပါဝင်ခွင့်ရရှိကြသည်။ရပ်ရွာအရေးကိစ္စများလုပ်ဆောင်ရာတွင်အမျိုးသားများနှင့်အမျိုးသမီးများသည်အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။

## ၈။ ခေါင်းဆောင်မှု

အမျိုးသားများသည် ရပ်ရွာရေးကိစ္စရပ်များတွင်အမျိုးသမီးများထက် ပိုမိုခေါင်းဆောင်နေကြသည်။ အကြောင်းအရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့် အချိန်ကုန်နေခြင်း၊ အမျိုးသားများကိုအားကိုးအားထားပြုခြင်း၊အမျိုးသားများကိုခေါင်းဆောင်မှုကိုရှေးရိုးအစဉ်အလာတစ်ခုအနေဖြင့် လက်ခံကျင့်သုံးနေခြင်း၊ပြင်ပဗဟုသုတနည်းပါးခြင်း၊ မိမိကိုယ်ကို ယုံကြည်မှု အားနည်းခြင်း၊ ပံ့ပိုးကူညီမှု အားနည်းခြင်း တို့ကြောင့်ဖြစ်သည်။


## ၉။ အရင်းအမြစ်များစီမံခန့်ခွဲ အသုံးပြုခြင်း

အရင်းအမြစ်များကို စီမံခန့်ခွဲခွင့်တွင် အမျိုးသမီးများထက် အမျိုးသားများက ပိုမိုသာလွန်ရရှိကြသည်။ အကြောင်းအရင်းမှာ အမျိုးသားများသည် ဝင်ငွေရှာဖွေခြင်း၊ အိမ်ထောင်ဦးစီးများအဖြစ်သတ်မှတ်ထားခြင်း၊ အမျိုးသမီးအများစုသည် အမျိုးသားများအပေါ်တွင် မှီခိုအားထားပြုနေခြင်း၊ အမျိုးသားများသည်သာ စီမံခန့်ခွဲနိုင်သည်ဟု ရှေးရိုးအစဉ်အလာ သတ်မှတ်ချက်များရှိခြင်း အစရှိသည်တို့ကြောင့်ဖြစ်သည်။

## ၁၀။ ရပ်ရွာရေးကိစ္စများတွင် ဆုံးဖြတ်ချက် ချပိုင်ခွင့်

ရပ်ရွာအရေးကိစ္စများတွင် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကပို၍ ဆုံးဖြတ်ချကြသည်။ အကြောင်းအရင်းမှာ အမျိုးသားအများစုသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရှာဖွေမှုတို့တွင် အမျိုးသမီးများထက် ပိုမိုပြီးဦးစီးလုပ်ဆောင်နေရခြင်း၊ ရပ်ရွာရေးကိစ္စများတွင် အမျိုးသားများစုသာ ဦးဆောင်လုပ်နေသော အစဉ်အလာရှိနေခြင်း၊ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို တနေကုန်လုပ်ဆောင်နေရခြင်း၊ ပြင်ပဗဟုသုတနည်းပါးခြင်း၊အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုနည်းပါးခြင်း တို့ကြောင့် ဖြစ်သည်။

## ၆.၅ ရာသီခွင်ပြဇယား




**ရှာလွတ် (ရွာသစ်)ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရှာလွတ်(ရွာသစ်)ကျေးရွာ၏

**ရာသီဥတုအခြေနေ**

တပေါင်းလနှင့် တန်ခူးလများတွင် အလွန်ပူပြင်းပြီး ကဆုန် နယုန်လတို့တွင် နေတပြိုက် မိုးတပြိုက်ဖြင့် ပူအိုက်စိုစွတ်ပြီး ၊ဝါဆို၊ ဝါခေါင်လများသည် မိုးတွင်းဖြစ်၍ မိုးများသည်။ တော်သလင်းလများတွင် ရာသီအပြောင်းအလဲများကြောင့် ဖျားနာမှုများ မကြာခဏ ဖြစ်ပွါးလေ့ရှိကြပါသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလတို့တွင် ဆောင်းရာသီသို့ ရောက်ရှိလာပြီး ဆီးနှင်းများကျကာ ချမ်းအေးသည်။

**စီးပွားရေး**

ကျေးရွာတွင်လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မိုးရွာသွန်းမှု အခြေအနေကိုကြည့်ပြီး လယ်ယာလုပ်ငန်းကို ပြင်ဆင်ကြသည်။ ကဆုန်၊ နယုန်လတို့တွင် လယ်ထွန်ခြင်း ၊ ပျိုးကြဲခြင်း၊ ဝါဆို၊ ဝါခေါင် လတွင် ကောက်စိုက်ခြင်း၊ ဝဲကျဲခြင်းတို့ပြုလုပ်ကြပြီး သီးတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် စပါးများရိတ်သိမ်းကြသည်။ ပြာသို၊ တပို့တွဲလတို့တွင် စပါးပုံပြီး နေအိမ်သို့ စပါးပုံပြီး နေအိမ်သို့ စပါးသယ်ပြန်ကြသည်။ တခါတရံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အချိန်အခါမဲ့ မိုးရွာ၍

လယ်သမားများ အခက်အခဲနှင့် တွေ့ကြုံရခြင်း၊ ရေကြီး၍ စပါးပျက်ခြင်း၊ ပိုးကျခြင်း၊ ကြွက်ကိုက်ခြင်းတို့ကြောင့် စပါးအထွက်နှုန်းကျသည့် အခက်အခဲများကြုံတွေ့ရသည်။

ရွာသစ်ကျေးရွာတွင် ရော်ဘာလုပ်ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ ရော်ဘာခြံလုပ်ကိုင်သော အိမ်ထောင်စု (၂၀%) ရှိပြီး နယုန်၊ ဝါဆို၊ ဝါခေါင် လများတွင် မိုးရာသီဖြစ်သောကြောင့် ထိုလများတွင် ရော်ဘာခြစ်ခြင်းကို ရပ်နားကြပြီး ကျန်လများတွင် ရော်ဘာခြံလုပ်ကိုင်ကြသည်။ သီတင်းကျွတ်လမှစ၍ ပွင့်လင်းရာသီများတွင် အလုပ်အကိုင် အခွင့်အလမ်းများသဖြင့် ဝင်ငွေကောင်းမွန်ကာ စား၊ဝတ်၊နေရေး အဆင်ပြေကြသည်။ အချို့သောသူများမှာ စီးပွားရေးအနေဖြင့် လယ်ယာနှင့် ရော်ဘာခြံလုပ်ငန်းကို အဓိကလုပ်ကိုကြသည်။ အများစုသည် တနေ့လုပ်တနေ့စား ကျဘမ်းလုပ်ကိုင်စားသောက်သူများဖြစ်ကြသည်။

**ကျန်းမာရေး**

ကျန်းမာရေးအနေဖြင့် ကဆုန်၊ နယုန်လတွင်နွေအကုန်မိုးအကူးကာလဖြစ်သောကြောင့် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းဖြစ်ပွားလေ့ရှိသည်။သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် နှာစေး ချောင်းဆိုးခြင်းများဖြစ်ပွားတတ်သည်။

စီးပွားရေးလုပ်ကိုင်သော လုပ်ငန်းပေါ်မူတည်ပြီး ဝင်ငွေရရှိမှု ကွာခြားကြသည်။ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်လတို့တွင်မိုးရာသီဖြစ်သောကြောင့် ဝင်ငွေနည်းပါးကြသည်။ ကျေးရွာအတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခလစာနည်းပါးခြင်းတို့ကြောင့် နိုင်ငံခြားသို့သွားရောက် အလုပ်လုပ်ကိုင်ကြသည်။

**ပွဲတော်များအနေဖြင့်**

**တန်ခူးလ။** ။ ရွာလွတ်ကျေးရွာ၏ဘုရားပွဲတော်သည် နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပွဲတော်အပြီး နှစ်ဆန်း (၅) ရက်နေ့တွင် ဘုရားပွဲလာကြသော ရပ်နီးရပ်ဝေးမှ ဧည့်သည်များကို မိတ်ဆွေဖွဲ့ပြီး၊ သူငယ်ချင်းဖွဲ့ပြီး အိန်တိုင်းအိမ်တိုင်း မိမိတို့၏ နေအိမ်တွင် ထမင်းဟင်း အချိုပွဲများကို ကျွေးမွေးဧည့်ခံသည့် ဓလေ့ကို ပြုလုပ်ကျင်းပကြသည်။ ထိုနောက် လာရောက်လည်ပတ်ကြသောဧည့်သည်များသည် နံနက်ပိုင်းတွင် ရွှေတောင်ဦးစေတီသို့ တက်ရောက်ဖူးမျှော်ကြပြီး ညနေပိုင်းတွင် နွာလှည်း ကား ဆိုင်ကယ် တို့ဖြင့် စိန်မြတောင်ဘုရားသို့ တက်ရောက်ဖူးမျှော်ကြသည်။

**ကဆုန်လ။** ။ ဖွားမြင်- ပွင့်- စံ- ဗျာဒိတ်ခံ မှတ်ရန် ကဆုန်လပြည့် ဆိုသည့်အတိုင်း ဗုဒ္ဓ၏ နေထူးနေ့မြတ်အဖြင့်ညောင်ကျောင်းရှေ့ရှိညောင်ပင်တွင်ညောင်ရေသွန်းလောင်းကြသည်။
ကဆုန်လပြည့်နေ့၏ နံနက်ပိုင်းတွင် ရပ်ကွက်အလိုက် မဟာဒုတ်ဆွမ်းကျွေးကြသည်။ ညနေပိုင်းတွင် အမျိုးသား အမျိုးသမီး အဖွဲ့အလိုက် ညောင်ရေသွန်းပြိုင်ပွဲ ကျင်းပကြသည်။ ညနေပိုင်းတွင် ရပ်ကွက်တိုင်း၌ နိဗ္ဗာန်စျေး အကျွေးအမွေးအပြင် ပျော်/ရွှင် ပွဲ မဲနှိုက်ကြသည်။

ဝါဆိုလ

ဝါဆိုလတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲနှင့် ရဟန်းသံဃာတော်များကို ဝါဆိုသင်္ကန်း ကပ်လှူကြသည်။

ဝါခေါင်လ

ဝါခေါင်လတွင် ရွှေအိုးမြှုပ်နှံခြင်း အလှူပြုလုပ်ကြသည်။

**တော်သလင်းလ**

မဂ္ဂင်သဘော်ရှာလှည့်၍ ဆွမ်းဘောဇဉ်တင်လှူခြင်း၊ ဆွမ်းတင်ကပ်လှူခြင်း၊ တံခွန်၊ ကုက္ကားပူဇော်ခြင်း များပြုလုပ်ကြသည်။

**သီတင်းကျွတ်လ**

သီတင်းကျွတ်လတွင် အဘိဓမ္မာရွတ်ဖတ်ပူဇော်ခြင်း၊ မီးထွန်းပွဲတော်ကျင်းပခြင်းနှင့် သက်ကြီးပူဇော်ပွဲကျင်းပ ခြင်းများပြုလုပ်ကြသည်။

**တန်ဆောင်မုန်း**

တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်လှူခြင်း ဖြင့် ကထိန်ပွဲတော်ကျင်းပကြသည်။

**နတ်တော်လ**

နတ်တော်လတွင် သဇင်ပန်းနတ်ပွဲကျင်းပကြသည်။


**ပြာသိုလ**

ပြာသိုလတွင် အထူးတရားပွဲ ဓမ္မပူဇာသဘင် ကျင်းပကြသည်။

**တပို့တွဲလ**

တပို့တွဲလဆုတ် (၁) ရက်နေ့သည် မွန်အမျိုးသားထု တစ်ရပ်လုံး၏ နေ့ထူးနေ့မြတ် ဖြစ်သည်။မွန်လူမျိုးတို့၏အမျိုးသားနေ့ဖြစ်သည်။ထိုနေ့တွင်ရွှေတောင်ဦးတောင်ပေါ်တွင်ရွာလုံးကျွတ် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

**၆.၇ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု**




## ရှာလွတ်(ရွာသစ်)ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

ကျေးရွာရှိ အရင်းအမြစ်များကို အမျိုးသား ၊အမျိုးသမီးများ အားလုံးအသုံးပြုကြသည်။ သို့သော်ထိန်းချုပ်မှုပိုင်းတွင် အမျိုးသမီးများသီးသန့် ထိန်းချုပ်မှုမရှိကြောင်း တွေ့ရသည်။ အမျိုးသမီးများသည် အမျိုးသားများ၏နောက်မှလိုက်၍ ပူးပေါင်းလုပ်ဆောင်ကြသည်ကိုတွေ့ရှိရသည်။ ရပ်ရွာအတွင်း ကတ္တရာလမ်းရေတွင်း၊ စာသင်ကျောင်း ၊ ချောင်း ၊ မြစ်များကို အမျိုးသား အမျိုးသမီးများ အတူတကွပိုင်ဆိုင်ကြပြီးထိန်းချုပ်မှုအပိုင်းတွင်အမျိုးသားများကထိန်းချုပ်နေကြကြောင်းတွေ့ရှိရသည်။ ထိုသို့ဖြစ်နေရခြင်းမှာ အမျိုးသမီးများသည်အိမ်မှုကိစ္စများတွင် ပို၍အချိန်ပေးနေရသောကြောင့် အခြားရပ်ရွာပြင်ပကိစ္စရပ်များတွင် အချိန်မပေးနိုင်ခြင်းကြောင့်လည်းကောင်း၊ အမျိုးသမီးများမှ အမျိုးသားများကို အားကိုးအားထားပြုကြ၍ ဦးစီးဦးဆောင် စေလိုသောကြောင့်လည်းဖြစ်သည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဌ | ဦးသိန်းခိုင် | |
| | | | ဒေါ်တင်တင်သွယ် | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဒေါ်တင်ဇာထွေး | |
| | | အဖွဲ့ဝင် | ဦးဝင်းလတ် | |
| | | အဖွဲ့ဝင် | ဦးသော်တာရွှေ | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဒေါ်သောင်းရီ | |
| | | အဖွဲ့ဝင် | ဦးအောင်ဆန်းဦး | |
| | | အဖွဲ့ဝင် | ဦးတင့်လွင် | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမြင့်အုန်း | |
| | | အဖွဲ့ဝင် | ဒေါ်လှမြင့် | |
| | | အဖွဲ့ဝင် | ဒေါ်ကေသီ | |
| ၅ | အကြံပြုတိုင်ကြားရေး ကော်မတီ | ကိုယ်စားလှယ် | ဦးကျော်အောင် | |
| | | ကိုယ်စားလှယ် | ဒေါ်နီနီဆန်း | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ခင်လှ | |
| ၇ | စေတနာ့ဝန်ထမ်း | | ဒေါ်စုစုလတ် | |
| | စေတနာ့ဝန်ထမ်း | | ဦးစိုးနိုင် | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးသော်တာကျော် | 09. 454540509 | ဒေါ်အေးမြင့်မော် |


| ပြည်နယ်၊ ~~တိုင်းဒေသကြီး~~ | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | ရွာလွတ် | ရွာသစ် |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---မွန်--- | 128 | ဘာသာ (၁) ---ဗုဒ္ဓ----- | 128 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုပေါင်း ------------ | | ဘာသာပေါင်း ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 7 | | 7 |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | 85 | | 85 |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 390 | 407 |
| လူမျိုးစု (၁)----မွန်--- | 390 | 407 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 92 | 36 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ



| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | | | စေတီ | ☑ |
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ဘုန်းကြီးကျောင်း | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ဗလီ | ☐ |
| အခြား | ☐ | အခြား | ☑ | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် [illegible] | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| [illegible] ဆရာ/မ | ✓ | ☐ | [illegible] ကျန်းမာရေးဆရာမ | ✓ | ☐ | [illegible] မီးသမား | ✓ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် [illegible] | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး



(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ½ /မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 10 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------
မိုးရာသီတွင်ကြာချိန် 10 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်
ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။
☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။


(၁) သာရေး / နာရေး အဖွဲ့
(၂) ကျောင်း အကျိုးတော်ဆောင် အဖွဲ့

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း
ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]
လက်မှတ် [signature] နေ့စွဲ 21 . 11 . 2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်အေးမြင့်ဆော်
လက်မှတ် [signature] နေ့စွဲ 21 . 11 . 2017

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်အေးမြင့်ဝေ


နေ့စွဲ 6 - 1 - 18

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း - မွန် | မြို့နယ် - ချောင်းဆုံ | ကျေးရွာအုပ်စု - ရှာလွတ် | ကျေးရွာ - ရှာသစ်

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.10.17 | 19.10.17 | 24 | 53 | 77 | 77 | မွန် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20.10.17 | 20.10.17 | 21 | 55 | 76 | 76 | မွန် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 20.11.17 | 20.11.17 | 17 | 17 | 34 | 34 | မွန် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 13.12.17 | 13.12.17 | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 4.1.18 | 4.1.18 | 20 | 51 | 71 | 71 | မွန် |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 5.1.18 | 5.1.18 | 6 | 8 | 14 | 14 | မွန် |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ဝ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အေးမြင့်ဆော် |
| နေ့စွဲ 20 . 10 . 2017 — စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရှမ်း — မြို့နယ် ကျေးသီး — ကျေးရွာအုပ်စု ရှာလွတ် — ကျေးရွာ ရှာသစ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင် မကောင်းသဖြင့် ကျောင်းသား/သူများ စာသင်ကြားမှု အခက်ခဲဖြစ်ခြင်း | ၁ | စာသင်ကျောင်းဆောင် ပျက်စီးနေသဖြင့် ကျောင်းသား/သူများ စာသင်ကြားမှုအခက်ခဲဖြစ်ခြင်း |
| ၂ | လမ်းဘေး ရေနုတ်မြောင်းများ ဆိုးရွားသည့်အတွက် ရေစီး/လာမကောင်းခြင်း အခက်အခဲ | ၂ | လမ်းဘေး ရေနုတ်မြောင်းများ ဆိုးရွားသည့်အတွက် ရေစီး/လာမကောင်းခြင်း အခက်အခဲ |
| ၃ | က.မ.က ကျောင်းနှင့် ရေတွင်း ဝေးသည့်အတွက် ဆရာ/မ၊ ကျောင်းသား/သူများ သောက်သုံးရေ လုံလောက်စွာ မရရှိခြင်း | ၃ | က.မ.က ကျောင်းနှင့် ရေတွင်း (ရေကန်ဖြစ်) ဝေးသည့်အတွက် ဆရာ/မ၊ ကျောင်းသား/သူများ သောက်သုံးရေ လုံလောက်စွာ မရရှိခြင်း |
| ၄ | သုသာန်သွား လမ်းမကောင်းသဖြင့် သွားရေးလာရေး အခက်ခဲဖြစ်ခြင်း | ၄ | သုသာန်သွား လမ်း မကောင်းသဖြင့် သွားလာရ အခက်ခဲဖြစ်ခြင်း |
| ၅ | ကျေးရွာ စာကြည့်တိုက် မရှိသဖြင့် ကျေးရွာလူထုများ စာပေဗဟုသုတ နည်းပါးခြင်း | | ကျေးရွာ၌ စာကြည့်တိုက် မရှိသဖြင့် ကျေးရွာလူထုများ စာပေဗဟုသုတ နည်းပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျောင်းသား/သူများ လုံခြုံကောင်းမွန်သော စာသင်ဆောင်ဖြင့် ပညာသင်ကြားနိုင်ကြမည်။ | ၁ | ကျောင်းသား/သူများ လုံခြုံကောင်းမွန်သော စာသင်ဆောင်ဖြင့် ပညာသင်ကြားနိုင်ကြမည်။ |
| ၂ | လမ်းဘေး ရေနုတ်မြောင်းများ ရေစီး/လာ ကောင်းမွန်မည်။ | ၂ | လမ်းဘေး ရေနုတ်မြောင်းများ ရေစီး/လာ ကောင်းမွန်မည်။ |
| ၃ | ဆရာ/မ နှင့် ကျောင်းသား/သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ကြမည်။ | ၃ | ဆရာ/မ နှင့် ကျောင်းသား/သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ကြမည်။ |
| ၄ | သုသာန်လမ်းများ ကောင်းမွန်ပြီး သွားလာရေး လွယ်ကူမည်။ | ၄ | သုသာန်လမ်းများ ကောင်းမွန်ပြီး သွားလာရေး လွယ်ကူမည်။ |
| ၅ | ရွာသူ/သားများ ဗဟုသုတ ကြွယ်ဝပြီး ရပ်ရွာအကျိုး ပိုမိုသယ်ပိုးနိုင်ကြမည်။ | ၅ | ရွာသူ/သားများ ဗဟုသုတ ကြွယ်ဝပြီး ရပ်ရွာအကျိုး ပိုမိုသယ်ပိုးနိုင်ကြမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | အ.မ.က စာသင်ကျောင်းဆောင် တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | 797 |
| ၂ | အ.မ.က ကျောင်း ရေပိုက်ရေ (အဝီစိတွင်း၊ ရေကန်၊ ရေစင်) | အမျိုးသား + အမျိုးသမီး | 8150000 | 797 |
| ၃ | ကျွဲကျော်လမ်းများ ဒုံလမ်းဘေး ရေမြောင်း အုတ်စီ | အမျိုးသား + အမျိုးသမီး | 2800000 | 797 |
| ၄ | သုသာန်သွား လမ်းနှင့် မြေသားဖို့ မြှင့်ခြင်း | အမျိုးသား + အမျိုးသမီး | | 797 |
| ၅ | အ.မ.က စာသင်ကျောင်းဆောင် အုတ်ခုံစည်းရိုး ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | 16300000 | 797 |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | ကွန်ပျူတာ သင်တန်း | အမျိုးသား + အမျိုးသမီး | |
| ၂ | စိုက်ပျိုးရေး နည်းပညာ | အမျိုးသား + အမျိုးသမီး | |
| ၃ | ဆိုင်ကယ်ပြင် မြန်မာရေး သင်တန်း | အမျိုးသား | |
| ၄ | မှိုမွေးမြူရေး သင်တန်း | အမျိုးသား | |
| ၅ | စက်ချုပ်ဖောင်တာ | အမျိုးသား + အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသိန်းနိုင် လက်မှတ် နေ့စွဲ 20.10.2017

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ဆွေမြင့်မောင်

နေ့စွဲ 6. 1. 2018

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) √စက်ဝန်း(၃) □စက်ဝန်း(၄)


ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် ညောင်ရွှေ

ကျေးရွာအုပ်စု ရွာလွတ်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အခြေခံ တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ရွာလွတ် | ကျွန်ကာဂုဇိလမ်းခင်းခြင်း | 2950'x8'x6" | 7735 | □ ကျား □ မ □ ကျား+မ | 31500000 | | | | |
| ရွာလွတ် | ကျေးရွာခန်းမ ခြံစည်းရိုး ခတ်ခြင်း | 283'x5' | 7735 | □ ကျား □ မ □ ကျား+မ | 8200000 | | | | |
| ရွာသစ် | တသင်ကျောင်း ခြံစည်းရိုး ခတ်ခြင်း | 860'x5' | 797 | □ ကျား □ မ □ ကျား+မ | 16300000 | | | | |
| ရွာသစ် | ရေပေးဝေရေးလုပ်ငန်း (ကုဇိတွင်း+ရေဝင်+ရေတင်ကန်) | ရေဝင် (8'x12'x5') ရေတင်ကန် (6'x6'x8') | 797 | □ ကျား □ မ □ ကျား+မ | 8150000 | | | | |
| ရွာသစ် | ရေမြောင်းကုတ်စိခြင်း | 320'x1'-6"x1'-6 | 797 | □ ကျား □ မ □ ကျား+မ | 2800000 | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသိန်းဇံ လက်မှတ် [signature] ရက်စွဲ 6. 1. 2018

## ၁၃။ အစည်းအဝေးမှတ်တမ်း



အစည်းအဝေး မှတ်တမ်း

နေ့ရက် ။ ။ 11. 11. 2017

အချိန် ။ ။ 11 : 00 am . 1 : 00 pm

နေရာ ။ ။ လူထုဗဟိုပြု စီမံကိန်း အက်ရုံသုံး ရုံးမှ

ကျေးရွာ ။ ။ ရွာလွတ်

ကျေးရွာအုပ်စု ။ ။ ရွာလွတ်

တက်ရောက်သူ ။ ။ ကျား ( 95 ) , မ (450) . ပ (545)

အကြောင်းအရာ ။ ။ လူထုဗဟိုပြု စီမံကိန်း တတိယနှစ် ပထမ အကြိမ် အစည်းအဝေး

အစီအစဉ် (၁) ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကား ပြောကြားခြင်း

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးဝင်းကျော်မှ အဖွင့် အမှာစကား ပြောကြားရာတွင် ပြီးခဲ့သော ဒုတိယနှစ်စီမံကိန်း ကာလ၌တွင် အက်ရုံသုံး ကျေးရွာသိမ်းကို ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။ ယခုလာမည့် တတိယနှစ် ကာလ၌တွင်လည်း အတူတကွ ပူးပေါင်းပါဝင်ပေးကြပါ - မိမိတို့၏ ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းများကို ရွေးချယ်တင်ပြပေးကြပါ။ ယခု အစည်းအဝေး ပွဲသို့ တက်ရောက်လာကြသော ရွာသူ/သားများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

အစီအစဉ် (၂) ။ ။ လူထုစည်းရုံးရေးမှူးမှ စီမံကိန်း မိတ်ဆက်

လူထု စည်းရုံးရေးမှူး ( CF ) ဒေါ်အေးမြင့်ဖော်မှ လူထုဗဟိုပြု စီမံကိန်း ဆိုင်ရာ အကြောင်းအရာများကို မိတ်ဆက်ရာတွင် လူထုဗဟိုပြု စီမံကိန်းဖြစ်လာရေး နောက်ကြောင်းကောက်ပေးသည့် ကမ္ဘာ့ဘဏ်အဖွဲ့၊ အကောင်အထည်ဖော် လုပ်ဆောင်ပေးသော ကျေးလက်ဦးစီးဌာန ရင်းနှင့် ဖော်လည်မိတ်ဆက် ပေးသည်။ လူထုဗဟိုပြု စီမံကိန်းသည် လူထုပူးပေါင်းပါဝင်မှုသည် အဓိကကျသောကြောင်း ခံမှုရှိသော ဒီမိုကရေစီ လမ်းစဉ်ကို ဦးတည်ကြောင်း၊ ကျား၊ မ တန်းတူ အခွင့်အရေးကို ပိုင်ဆိုင်းပေးကြောင်း ပြောကြားခဲ့ပါသည်။

အစီအစဉ် (၃) " " ကျေးရွာ စေတနာ့ ဝန်ထမ်းများ ရွေးချယ်ခြင်း

လူထုဗဟိုပြု စီမံကိန်း တတိယနှစ်စတင်ချိန်တွင် စီမံကိန်း လုပ်ငန်းများ ဦးဆောင်လုပ်ကိုင်နိုင်ရန် အတွက် ကျေးရွာ စေတနာ့ ဝန်ထမ်း (၁၈) ဦး ကို ကျေးရွာလူထုများမှ မဲဖြင့် ရွေးချယ်ပေးခဲ့ကြသည်။

လက်တွေ့ကွင်းဆင်းပညာရှင်များ (TF) ဦးဆောင်ညှိနှိုင်းမှုဖြင့် ကျေးရွာစေတနာ့ ဝန်ထမ်းများ၏ ဆောင်ရွက်ရန် တာဝန်များကို ရှင်းပြခဲ့သည်။

အစီအစဉ် (၄) " " လူထုပါဝင်သော လူမှုဆန်းစစ်မှု (PRA Tools) ရေးဆွဲခြင်း

လူမှုဆန်းစစ်မှု (PRA Tools) များကို ကျား (၃) အုပ်စု မ (၃) အုပ်စု ခွဲ၍ ရေးဆွဲဆန်းစစ်ကြသည်။ ရရှိလာသော ဆန်းစစ်ခြင်းများကို အဖွဲ့အလိုက် ရေးဆွဲပြီး ပြန်လည်ဆန်းစစ် အတည်ပြုခဲ့ကြသည်။

အစီအစဉ် (၅) " " ကျေးရွာ စီ/ကော် ဥက္ကဋ္ဌမှ ကျေးဇူးတင်စကား ပြောကြားခြင်း

ကျေးရွာ စီ/ကော် ဥက္ကဋ္ဌ ဦးသိန်းဝင်းမှ အစည်းအဝေးပွဲသို့ တက်ရောက်လာကြသော ဧည့်သည်/သားများကို အထူးပင်ကျေးဇူးတင်ကြောင်း၊ စီမံကိန်းကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန်အတွက် ဧည့်သည်/သားများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ ပူးပေါင်းပါဝင်ပေးကြရန်၊ ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများ, TTA, TF နှင့် CF များကို ကျေးဇူးတင်ကြောင်း၊ ကျေးရွာလူထုများမှလည်း ကျန်ရှိနေသော အစည်းအဝေးပွဲများသို့လည်း ယခုကဲ့သို့ ပူးပေါင်း ပါဝင်တက်ရောက် ပေးကြရန် ပြောကြားခဲ့သည်။

အစီအစဉ် (၆) " " အစည်းအဝေး ပိတ်သိမ်းခြင်း

လူထုစည်းရုံးရေးမှူး (CF) ဒေါ်သဇင်ထွေးမှ ယနေ့ပြုလုပ်သော လူထုဗဟိုပြု စီမံကိန်း တတိယနှစ်စတင်ချိန် ပထမ အကြိမ်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်းပြောကြားကာ အစည်းအဝေးကို ပိတ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ထွေးမြင့်ဆွေ (CF)

## ၁၄။ ကျေးရွာတွင်ကြုံတွေ့နေရသည့်အခက်အခဲများ

| စဉ် | အဆိုပြုသူ | ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ |
|---|---|---|
| 1 | ကျား/မ | စာသင်ကျောင်းမကောင်းမွန်သဖြင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း |
| 2 | ကျား/မ | အမက ကျောင်းနှင့် ရေတွင်းဝေးသည့်အတွက် ဆရာ/မ များ၊ ကျောင်းသား/သူ များ သောက်သုံးရေရရှိရန် ပင်ပန်းခြင်း၊ လုံလောက်မှုမရှိခြင်း |
| 3 | ကျား/မ | လမ်းဘေးရေနုတ်မြောင်းများတိမ်ကောနေသည့်အတွက် ရေစီး/ရေလာ မကောင်းမွန်ခြင်း၊ ရေလျှံခြင်း |
| 4 | ကျား/မ | သုသာန်သို့သွားသည့်လမ်း မကောင်းမွန်သဖြင့် အခက်အခဲရှိခြင်း |
| 5 | ကျား/မ | ကျေးရွာအတွင်း စာကြည့်တိုက် မရှိသေးခြင်း |

## ၁၅။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ |
|---|---|---|
| 1 | ကျား/မ | ကျောင်းသား/သူများအတွက် လုံခြုံကောင်းမွန်သော စာသင်ဆောင် တည်ရှိပြီးဖြစ်ရမည်။ |
| 2 | ကျား/မ | ဆရာ/မ နှင့် ကျောင်းသား/သူများ သောက်သုံးရေ ဖူလုံစွာရရှိပြီး ကျောင်းဝင်းနှင့် ရေအရင်းအမြစ်နီးကပ်စွာရှိပြီးဖြစ်ရမည်။ |
| 3 | ကျား/မ | လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရမည်။ |
| 4 | ကျား/မ | ရွာရှိလမ်းများအားလုံး ကောင်းမွန်ပြီး သွားလာရေး လွယ်ကူရမည်။ |
| 5 | ကျား/မ | ရွာသူ/သားများ ဗဟုသုတရှာမှီးနိုင်ရန် စာကြည့်တိုက်ရှိပြီးဖြစ်ရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက်ရှိနေသော အသက်မွေးဝမ်းကြောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ | ၁ | ကွန်ပျူတာသင်တန်း | ကျား/မ | | |
| | ၂ | စိုက်ပျိုးရေးသင်တန်း | ကျား/မ | | |
| | ၃ | ဆိုင်ကယ်ပြုပြင်နည်းသင်တန်း | ကျား | | |
| | ၄ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၅ | စက်ချုပ်သင်တန်း | မ | | |

တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးမတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။